# တၢ်တီတၢ်တြၢ်

Just l တရားမျှတမှု

ဥပဒေသတင်းစာစောင်

အမှတ်စဉ် (၄) ဧပြီလ၊၂၀၂၃


## မာတိကာ


■ လူထုအသံ

ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော မူးယစ်ဆေးဝါးဆိုင်ရာ စိန်ခေါ်မှုများ

■ ဆောင်းပါး

လူငယ်နှင့် မူးယစ်ဆေးဝါး (စရှားထွန်းဖောင်)

■ ကဗျာ

လၢ–နီနီမုၣ်(ဘျုံးဒၣ်ကီၢ်ရှၣ်)

■ သိမှတ်ဖွယ်ရာများ

ကော်သူးလေမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးအက်ဥပဒေ (၁/၂၀၁၄)

■ ရှုမြင်သုံးသပ်ချက်များ

ဒူးပလာယာခရိုင်၊ ခရိုင်အတွင်းရေးမှူး ပဒိုစောလစ်စတန်နှင့် တွေ့ဆုံမေးမြန်းခြင်း

■ လုပ်ဆောင်ချက်များ

■ လှုပ်ရှားမှု ရုပ်ပုံများ



ဆက်သွယ်ရန် - အယ်ဒီတာ၊ klacHQ@karenlac.org


## ဒေသအခြေအနေနှင့် လူထုမှတွေ့ကြုံနေရသော မူးယစ်ဆေးဝါးဆိုင်ရာ စိန်ခေါ်မှုများ



ပဋိပက္ခကာလတွင်သာမက သာမန်အချိန်ကာလတွင် လူထုအတွင်း ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးအန္တရာယ်သည် အလွန်ခြိမ်းခြောက်လျက် ရှိသည်။ ကိုဗစ်ကာလနှင့် စစ်အာဏာသိမ်းပြီးကာလ အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်မှုများ လူထုအတွင်း အလွန်မြင့်တက်လာကြောင်း တွေ့ရသည်။ ကော်သူးလေနယ်မြေအတွင်း ခရိုင်(၂)ခုအတွင်း နေထိုင်သော လူထုများက မူးယစ်ဆေးဝါးကြောင့် စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် အခက်အခဲများ ကြုံတွေ့ ရလျက်ရှိသည်။ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော မှုခင်းများ၊ ရင်ဆိုင်နေရသော မိသားစုပြဿနာများ၊ မူးယစ်ဆေးဝါး သုံးစွဲသူများ၏ လက်ရှိကြုံတွေ့နေရသော အခြေအနေများစသည့် လူထုအသံများမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ဒူးပလာယာခရိုင်

လက်ရှိခရိုင်အတွင်းတွင် တိုက်ပွဲများကြောင့် လူထုမှ ခရီးသွားလာရေး၊ ဆက်သွယ်ရေးတို့မှာ ခက်ခဲလျက်ရှိသည်။ အမှုကြီးငယ်များဖြစ်ပွားလာပါကလည်း တရားရုံးနှင့်ဝေးလံသော ဒေသတွင် အမှုကို တိုင်တန်းရန်မှာ အခက်အခဲ ရှိနေပါသည်။ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ဘိန်းစာရွက်ကို အရည်ပြုတ်သောက်ခြင်းကို အများဆုံးအသုံးပြုလာကြပြီး အခြားသောမူးယစ်ဆေးဝါးဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြား(WY)နှင့် ဆေးခြောက်ကဲ့သို့သော ဆေးဝါးအသုံးပြုမှုများလည်း ရှိသည်။ ဘိန်းစာရွက်ပြုတ်ကိုယခင်က ပေါ်ပေါ်တင်တင် အသုံးပြုမှုမရှိသော်လည်း Covid-19နှင့် အာဏာသိမ်းမှုနောက်ပိုင်းတွင် လူငယ်များအကြား ရေပန်းစားလာပြီး မူးယစ်ထုံထိုင်းစေသည့် ဆေးဝါးအဖြစ် မှီဝဲသုံးစွဲလာကြသည်။ သုံးစွဲသူအများစုမှာ အသက် (၂၀)အောက် လူငယ်များဖြစ်ကြပြီး အချို့မှာ အသက်မပြည့်သေးသည့် လူငယ်များလည်း လွယ်လင့်တကူ ဝယ်ယူသုံးစွဲလာကြသည်။ ဘိန်းစာရွက်နဲ့ပတ်သက်ပြီး ရွာသူကြီးကိုယ်တိုင်ဧည့်သည်လာလည်သည့်အခါ ချတိုက်သည်အထိ ဖြစ်နေသည်။ ဒေသခံအာဏာပိုင်အချို့မှာလည်း ရောင်းဝယ်ဖောက်ကားမှုကို မသိကျိုးကျွံပြုလျက် ရှိနေပါသည်။ ကျေးရွာတွင်းတွင်လည်း ခိုးမှု၊ ရမ်းကားမှု၊ လူသတ်မှု စသည့် နောက်ဆက်တွဲဆိုးကျိုးများလည်း ရှိလာသည်။ မီးဖိုချောင်ပစ္စည်းများဖြစ်သည့် ဆီ၊ ကြက်ဥ စသည်များကိုပင် ဆေးဝါးနှင့် လဲလှယ်ပြီး သောက်သုံးမှုများ ရှိနေသည်။

မူးယစ်ဆေးဝါး အကျိုးဆက်အနေဖြင့် သုံးစွဲသူလူငယ်များမှ မိမိကိုယ်ကို သေကြောင်းကြံစည်သည်အထိ ဖြစ်ပေါ်နေသည်။ မိသားစုဝင်များမှာ မူးယစ်ဆေးဝါးသုံးစွဲသည့် လူငယ်များအား ပယ်ကော်ထံသို့ ကိုယ်တိုင်အပ်နှံပြီး ထိန်းသိမ်းစေခြင်းနှင့် အချို့ကို အရေးယူစေချင်သည်အထိဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့က ဒေသတွင်လာနေပြီး ထင်ရာစိုင်းလုပ်ဆောင်သည်များ ရှိသည့်အတွက် အရေးယူလို့မရဘူးလားဟု မေးလာသည့် လူထုအသံကိုလည်း ကြားနေရသည်။ ရွာသူကြီးအချို့၏ သားက ဆေးသုံးစွဲနေသော်လည်း အရေးယူမှုမရှိသည်ကို တွေ့ရသည်။ မူးယစ်ဆေးဝါးရောင်းချရေးနှင့် သုံးစွဲမှုတို့ကို လူထုမှတိုင်တန်းမှုများပြုလုပ်လိုသော်လည်း လုံခြုံရေးကိုစိုးရိမ်ခြင်းနှင့် အချို့မှာတိုင်တန်းသော်လည်း ပါဝင်ပတ်သက်သူများမှာ အာဏာပိုင်များဖြစ်နေသောကြောင့် အရေးယူမှုအပိုင်းမှာ အားနည်းလျက်ရှိသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းအပြင် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် မှုခင်းများ လျော့နည်းလာစေရန် ပညာပေးခြင်းအစီအစဉ်များကို လူထုကိုသာမက ဒေသခံအာဏာပိုင်များကိုလည်းပေးအပ်သင့်ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုသည်။ ထို့အပြင် ထိရောက်သည့် အရေးယူမှုကိုလည်း သက်ဆိုင်ရာအဆင့်ဆင့် အုပ်ချုပ်ရေးအာဏာပိုင်တို့မှ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် အရေးယူရန်လိုအပ်သကဲ့သို့ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပယ်ကော်များအနေဖြင့်လည်း ထိထိရောက်ရောက် ဖမ်းဆီးအရေးယူသွားရန်အပြင် လိုအပ်ပါက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများမှလည်း ပူးပေါင်းပါဝင်ပေးရန်တို့ဖြစ်သည်။

## ဖားအံခရိုင်

လက်ရှိဖားအံခရိုင်အတွင်း တိုက်ပွဲများမရှိသော်လည်း ကုန်စျေးနှုန်းများ ကြီးမြင့်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် စီးပွားရေး၊ စားဝတ်နေရေးကြပ်တည်းခက်ခဲနေသည်ဟု လူထုက ပြောဆိုလာပါသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး လူထုအတွင်း အသုံးပြုမှုများလာကြောင်း တွေ့ရှိလာရပါသည်။ WY ကဲ့သို့သော မူးယစ်ဆေးဝါးတစ်မျိုးကို အသုံးပြုမှုများလာသည်။ အာဏာမသိမ်းမီက သိုသိုသိပ်သိပ်ရောင်းချသော်လည်း ယခုအခါတွင် လွယ်လင့်တကူ ဝယ်ယူသုံးစွဲ၍ ရနိုင်လာကြောင်းကို တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူများတွင် အသက်(၁၃)နှစ်မှ(၂၀)နှစ်ဝန်းကျင်လူငယ်များ၊ အသက်(၃၀)ကျော် လူလတ်ပိုင်း၊ အမျိုးသမီး အသက် (၄၀)ကျော်အရွယ်နှင့် နို့တိုက်မိခင်များကိုယ်တိုင်ကပင် သုံးစွဲကြကြောင်း တွေ့ရှိရပါသည်။ အချို့ ရွာသူရွာသားများမှာ မူးယစ်ဆေးဝါးအဖြစ်မမြင်ဘဲ အားဖြည့်ဆေးဝါးတစ်မျိုးအဖြစ် ရှုမြင်ကြောင်းကိုလည်းတွေ့ရှိရပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများသော ဒေသဖြစ်သောကြောင့် ထိရောက်စွာ အရေးယူနိုင်မှု အားနည်းနေသေးသည်။ အကျိုးဆက်အနေဖြင့် မိသားစုအတွင်း ပဋိပက္ခများ ဖြစ်ပေါ်လာမှုများလာသည်။ ထို့အတွက်ကြောင့်ကျေးရွာရပ်မိရပ်ဖများမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး မည်သို့ မည်ပုံ တိုက်ဖျက်ကိုင်တွယ် ဖြေရှင်းရမည်ကို ဆွေးနွေးတိုင်ပင်မှုများရှိလာသည်။ အသိပညာပေးခြင်းမှစတင်ပြီး နောက်ဆုံးဖျက်ဆီးပစ်သည်အထိ အဆင့်ဆင့်ဆောင်ရွက်မှ ရနိုင်မည်ဟု သိမြင်လာသော ရပ်ရွာလူကြီးများက မူးယစ်ဆေးဝါးဥပဒေနှင့် ပတ်သက်ပြီး နောက်ထပ်သင်တန်းများ ပို့ချပေးရန် တောင်းဆိုမှုများရှိလာသည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ထိရောက်စွာအရေးယူနိုင်မှု အားနည်းနေသောကြောင့် မူးယစ်ဆေးဝါး ပညာပေးသောသူများအဖို့ အကြပ်အတည်းတစ်ခုဖြစ်စေပါသည်။ ဒေသတွင်းလူငယ်များကိုယ်တိုင် သုံးစွဲမှုရှိလာသောကြောင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး အထူးစဉ်းစားရမည့် အချက်တစ်ခုဖြစ်လာပါသည်။

မူးယစ်ဆေးဝါးသည် အနာဂါတ်လူငယ်များနှင့် လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်နေပြီးဖြစ်သည့်အတွက် မူးယစ်ဆေးဝါးပညာပေးရေး အပြင် ပညာပေးမှုများ ပိုမိုလုပ်ဆောင်သင့်ကြောင်း လူထုမှ အကြံပြု ကြသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်မှုများကို လူထု များအပြင် လက်နက်ကိုင်အဖွဲ့အစည်းတိုင်း မိမိအဖွဲ့အစည်းအထဲ တွင် အရင် ဦးဆုံး ထိန်းချုပ်ထားနိုင်ရန် လိုအပ်သည်။ ထိုသို့ပြုလုပ် နိုင်ပါက လူထုအတွင်း အရေးယူဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူလာ နိုင်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးလျော့နည်းသွားရန် အသိပညာ ပေးမှုများလိုအပ်ပြီး အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါသည်။

ဆောင်းပါးကဏ္ဍ

# လူငယ် နှင့် မူးယစ်ဆေးဝါး

စရှားထွန့်ဖောင်




ခေါင်းစဥ်ကရိုးရိုးလေးပါပဲ။ ကျွန်တော်တို့ ခေါင်းစဥ်ရိုးရိုး လေးကို အတွေးများစွာနဲ့ တွေးကြည့်ကြရအောင်ဗျာ။ ''လူငယ်'' တကယ့်ကို လန်းဆန်းတက်ကြွပြီး သန်မာတဲ့စိတ်နှလုံး၊ ခန္ဓာနဲ့ ပွင့်သစ်စ တက်သစ်စ အညွန့်တလူလူနဲ့ အချိန်ကဏ္ဍမျိုးစုံမှာ ဦးစီးဦးဆောင်ပြုကြမယ့် အနာဂတ်ခေါင်းဆောင်တွေပါ။ ဒီလို အနေအထားရောက်ဖို့ ရေလောင်းပေါင်းသင်ပေးသူ မိသားစု၊ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ရှိဖို့ လိုအပ်ပြန်ပါတယ်။ သတိပြုရမယ့် အချက်လည်း မမေ့နဲ့ဦးဗျ။ ကျွန်တော်တို့ မိသားစု၊ ပတ်ဝန်းကျင် ကပဲ လူငယ်တွေကို အမျိုးမျိုးသော မကောင်းတဲ့ အခြေအနေတွေ ကို ဖန်တီး (ဒါမှမဟုတ်) ရောက်အောင် တွန်းပို့တတ်ကြပြန်ပါတယ်။ ကျွန်တော်တို့ လူငယ်တော်တော်များများက “အချို” ကြိုက်ကြ တယ်ဗျ။ (အပြောချိုချို နူးညံ့တဲ့ အပြုအမူ နွေးထွေးမှုတွေပေါ့ဗျာ။) အဲ့မှာစတွေ့ပြီ။ အချိုကြိုက်တဲ့ လူငယ်တွေကို အချိုမကျွေးပဲ “သုံး စားမရဘူး၊ အသုံးမကျဘူး” ဆိုတဲ့ အခါးတွေ တရစပ် ကျွေးကြတော့ တာမျိုး။ အခါးတွေပဲ ရလာတာများတော့ ရွံ့ချင်တတ်ကြတာ လူငယ် သဘာဝလို့ဆိုရမလား။ ပေပေတေတေကိုနေပစ်ကြရော။ နေကြရင်း က သူတို့နဲ့သဟဇာတဖြစ်တဲ့ ပတ်ဝန်းကျင်၊ အဖွဲ့အစည်း အသစ်ရှိ လာကြတယ်။ လူငယ်တွေ လမ်းသစ်စခြင်းက ငွေကြေးပြည့်စုံမှု၊ ချို့တဲ့မှု နှစ်မျိုးလုံးနဲ့သက်ဆိုင်တာလည်း မမေ့ပါနဲ့။

လူပေလူတေ အဖွဲ့ (ဂရု)ပေါ့ဗျာ။ အဲ့ရပ်ဝန်းထဲ လူငယ် တွေ အရမ်းပျော်တယ်။ လွတ်လပ်တယ်။ အပန်းပြေဖို့၊ အပန်းဖြေဖို့ ကို နည်းမျိုးစုံနဲ့ ရှာဖွေလာကြတယ်။ ဆေးလိပ်လေးကစ ကွမ်းစား ရင်းကစ ဆေးရွက်၊ ဆေးလုံး၊ ဆေးမှုန့်တွေ စရင်းစရင်း လာပါပြီ။ အဓိကဇာတ်ဆောင် “မူးယစ်ဆေးဝါး”။ ရိုးရိုးလေးပြောရရင် မူးယစ်

စေတတ်သော ဆေးဝါးပေါ့။ “သုံးတတ်ရင်ဆေး မသုံးတတ်ရင်ဘေး” ဆိုတာလည်း သူတို့ မသိတော့ဘူး။ သုံးမယ်။ ကောင်းတယ်။ သုခဘုံရောက်သလိုပဲ။ ဝိုး.. ခံစားချက်တွေ အရမ်းကောင်းပေါ့ဗျာ။ ဒီအရသာ ဒီခံစားမှုတွေ ရဖို့ နည်းမျိုးစုံကြိုးစားရင်း လမ်းသစ်ကနေ လမ်းစပျောက်လာကြတာ ကျွန်တော်တို့ လူငယ်တွေပါပဲ။ လမ်းပျောက်ရင်း ဘဝပျက်ရုံမက အသက်ခန္ဓာတွေပါ ပျောက်ကုန်တယ်။ ပြန်တွေးကြည့်ပါ။ လူငယ်တွေတော်တော်များများ အဲ့လိုအခြေအနေကြုံနေရပါတယ်။


ကျွန်တော်တို့ လူငယ်တွေကို ကောင်းမွန်ခြင်းတွေနဲ့ တွေ့ဆုံစေဖို့ လက်လှမ်းကူကြပါ။ သူတို့ကို “မူးယစ်ဆေးဝါး” ထက် အဆပေါင်းများစွာ ကောင်းမွန်တဲ့ နွေးထွေးအေးချမ်းမှုတွေ ပြကြပါ။ သူတို့ ဖြစ်ချင်တဲ့ ပန်းတိုင်၊ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ပေးကြမယ်။ သူတို့ကို မပစ်ပယ်ကြဘဲ သူတို့လေးတွေရဲ့ စွဲလန်းမှုနွံထဲကနေ ဆွဲခေါ်ကြရအောင်။ မှားဖူးတဲ့အတိတ်ကို သူတို့မေ့နိုင်အောင် ကျော်ဖြတ်နိုင်မှာဆိုတဲ့ ယုံကြည်မှုတစ်ခု ပေးကြမယ်။ မူးယစ်ဆေးဝါးထက်ကောင်းတဲ့ အနာဂတ်ကို ဖန်းတီးပေးမယ်ဆိုရင် ကျွန်တော် ယုံကြည်တယ် “လူငယ်နဲ့ မူးယစ်ဆေးဝါး” ဘယ်တော့မှ တသားတည်း မဖြစ်တော့ဘူး။

လူသားတိုင်းမှာ အားနည်းချက်၊ အားသာချက် ကိုယ်စီရှိကြပါတယ်။ အားနည်းချက်ဆိုတာ ကျွန်တော်တို့ ချနင်းပစ်ဖို့ မဟုတ်ပါဘူး။ ဖေးကူတည့်မတ်ပြီး အားသာချက်အဖြစ် မြင်တတ်တွေးတတ်လာဖို့ အထူးသဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်တွေ ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်နဲ့ ရှေ့ဆက်နိုင်စေဖို့သာ။ ကျွန်တော်တို့ လူ့သဘာဝက ချီးကျူးအားပေးဖို့ အတော်လေးအားနည်းကြတယ်။ အပြစ်တင်ကဲ့ရဲ့ဖို့ အတော်အားကောင်းတယ်ဗျ။ ဒါကြောင့်လည်း လူငယ်တွေကို လမ်းစပျောက် လမ်းမှား ရောက်စေကြတာပေါ့။ ကျွန်တော်အရမ်းသဘောကျတဲ့ စကားလုံးနဲ့ မမှားရသေးတဲ့ လူငယ်တွေ၊ အမှားကနေ အမှန်မြင်ဖို့ကြိုးစားကြတဲ့ လူငယ်တိုင်းကို ခွန်အားပေးချင်တယ်။

“Divergent” ကျွန်တော်တို့ အကောင်းဆုံးသောအရာတွေကို ဖန်တီးလုပ်ဆောင်ရင်း အများနဲ့မတူ ကောင်းမွန်ခြင်းတွေနဲ့ ကွဲပြားနေကြရအောင်ဗျာ။ တမူထူးခြားကွဲပြားခြင်းတွေ လူငယ်တွေရင်ထဲရောက်အောင် ကြိုးစားပေးလို့ ရပါတယ်။ လူငယ်တစ်ယောက်ချင်းစီရဲ့ မတူကွဲပြားမှုတွေကို မိသားစု ပတ်ဝန်းကျင်က လက်ခံပေးဖို့ လိုပါတယ်။ ဒါပဲ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ခံယူချက်တွေ အထူးသဖြင့် မိဘတွေမှာ မရှိဖို့လိုတယ်။ ဥပမာ - မိဘက ဆရာဝန်ဖြစ်စေချင်တယ်။ သားက အဆိုတော်ဖြစ်ချင်တယ် ဆိုပါစို့။ ဒါဆိုသေချာပြီ။ ဒီမိသားစုမှာ သဘောထားကွဲလွဲမှုတွေ ရှိလာပြီ။ မိဘကလည်း ငါနင့်ကို မွေးထားတာ ငါပြောတဲ့အတိုင်းလုပ် လျှာမရှည်နဲ့။

လူငယ်တွေကို အဲ့ဒီလိုပိတ်ပင်လို့ မရပါဘူး။ အဲ့ဒီလို ပိတ်ပင်ရင် အကောင်းထက်အဆိုးတွေ ဖြစ်လာဖို့ပိုများလာမယ်။ အိမ်မှာ သူ မပျော်ရွှင်တော့ဘူး။ အပြင်မှာပျော်လာမယ်။ သူ ပျော်ရွှင်မှုနောက်လိုက်ရင်း နောက်ဆုံး သူ့ရည်ရွယ်ချက်ပန်းတိုင် ပျောက်ပြီး မူးယစ်ဆေးဝါးသားကောင်အဖြစ်နဲ့ ဘဝပျက်ရော။ ဒါကြောင့် လူငယ်တွေရဲ့ ပင်ကိုယ်အရည်အသွေးကို မိသားစုပတ်ဝန်းကျင်က မြင်တတ် လာအောင် လူငယ်တွေကြိုးစားရမယ်။ ဥပမာ - ကောင်းတဲ့ရွှံ့ခြင်း တစ်မျိုးပေါ့။ အပြောခံရတယ်။ နာတယ်။ ဟုတ်ပြီ။ အဲဒီနာကျင်ခြင်းကို လှေကားထစ်လိုနင်းပြီး အမြင့်မှာရပ်တည်နိုင်ကြောင်း သက်သေပြဖို့။ ကိုယ့်ကို အနှုတ်လက္ခဏာပဲ ပြနေတဲ့ ပတ်ဝန်းကျင်ကနေ လုံးဝစွန့်ခွာပြီး နယ်မြေသစ်မှာ ကိုယ့်အရည်အသွေးကို ထုတ်ပြဖို့ ဝန်မလေးပါနဲ့။

ကျွန်တော်တို့ လူငယ်တွေဟာ ကောင်းမွန်တဲ့ လမ်းသစ်ဖောက်သူတွေ မဖြစ်ခင် အခြေအနေအမျိုးမျိုးကြောင့် “မူးယစ်ဆေးဝါး” နဲ့ ရင်းနှီးပြီး ယိုင်လဲဖူးမှာပါ။ ဒါပေမဲ့ လဲကျရင်း မြေကြီးထဲ ရောက်ဖို့မဟုတ်ပါဘူး။ လူငယ်တွေက လမ်းလျှောက်နေတာ မဟုတ်ပါဘူး။ လမ်းဖောက်နေတာပါ။ အဲဒီလမ်းကို ဘယ်သူမဆို လျှောက်လို့ရပါတယ်။ လမ်းသစ်ကို အကောင်းဆုံးခြေလက်တွေနဲ့ ဖောက်ပြီး အဲဒီလမ်းပေါ် ရပ်မည့်သူတွေပါ။ ဒုစရိုက်ကို ပိုကြိုက်ပေမယ့် သုခတွေပြည့်နှက်တဲ့ စရိုက်တွေကိုသာ စွဲကိုင်ရင်း အခုပဲ လမ်းသစ်ဖောက်ကြပါစို့။



# ပှၤတအိၣ်လၢသဲစးအဖီခိၣ်နီတဂၤဘၣ်

ဆၢကတီၢ်ခဲအံၤတဘျီ
မ့ၢ်ဝဲစိၤလဲၤထီၣ်လဲၤထီ
မုၣ်ခွါတၢ်တုၤသိးထဲသိး
န့ၢ်ဘၣ်ပီညါဒ်သိးသိး

ဆၢကတီၢ်လဲၤထီၣ်ဘၣ်ဆၣ်
ထံၣ်ဆံးပာ်ဆံးတလီၤမၢ်
တရိတပါမၤဆူးဆါ
အါထီၣ်ဝဲလၢကလုာ်ကျါ

ပှၤတနီၤကတူၢ်ဘၣ်ဝဲ
ကစုဒုတပာ်ဖျါဝဲ
ပှၤတနီၤတူၢ်ဘၣ်တၢ်နး
တုၤဒၣ်လဲာ်မၤသံလီၤသး
တူၢ်ဘၣ်တၢ်ဒ်အံၤတဖၣ်

တူၢ်ဘၣ်တၢ်ဒ်အံၤတဖၣ်
တမ့ၢ်လၢပတၢ်ကမၣ်
ခီဖျိသဲစးတၢ်ဒိၣ်စိ
တအိၣ်လၢထံကီၢ်ပူၤဃိ


ပဝဲဟီၣ်ခိၣ်ဖိကိးဂၤ
ဂ့ၤလၢသဲစးပၢၤဃးပှၤ
သဲးစးဖီခိၣ်ပှၤတအိၣ်
နီတဂၤတဘၣ်ဆီမိၣ်

ကမျၢ်ပဒိၣ်ဒီးသုးခိၣ်
တဘၣ်အိၣ်သဲစးဖီခိၣ်
သဲစးလၢထံကီၢ်ကွဲးလီၤ
ဟ်လုၢ်ဟ်ပှ့ၤမၤထွဲအီၤ

ထံကီၢ်ခိၣ်နၢ်ကမျၢ်ကျါ
သဲစးတၢ်ဘျၢဘၣ်အိၣ်ဖျါ
သဲစးတၢ်ဘျၢအဖီခိၣ်
တၢ်ကွၢ်ဒိၣ်ဆံးတဘၣ်အိၣ်

တၢ်ဘျၢသဲစးမ့ၢ်ဒိၣ်စိ
တြီဆၢတၢ်ကန့ၢ်ထီဘိ
တၢ်ဘျၢသဲစးအဖီခိၣ်
နီတဂၤပှၤတဘၣ်အိၣ်

■ လၢ –နီနီမ့(ဘျံးဒဝဲၢ်ကီၢ်ရှၣ်)



## ကော်သူးလေမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးအက်ဥပဒေ (၁/၂၀၁၄)

| ပုဒ်မ | ဆေးအမျိုးအစား | ပမာဏ | လုပ်ဆောင်ချက် | ပြစ်ဒဏ် |
|---|---|---|---|---|
| ပုဒ်မ ၁ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | - | အပျော်သဘောသုံးစွဲ လုပ်ငန်းများဆောင်ရွက် ရာတွင်သုံးစွဲ ၆ - ၁၂ လ | အချုပ်ခန်း (သို့မဟုတ်) အကျယ်ချုပ် |
| ပုဒ်မ ၂ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ၁၀ ပြား အောက် | သုံးစွဲ၊ ရောင်းဝယ် | ၁-၃နှစ်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် |
| ပုဒ်မ ၃ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ၁၀-၁၀၀ ပြား | သုံးစွဲ၊ ရောင်းဝယ် | ၁-၃နှစ်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် |
| ပုဒ်မ ၄ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ၁၀၁-၅၀၀ | သုံးစွဲ၊ ရောင်းဝယ် | ၁-၅နှစ်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်။ ပတ်သက်နေသော ဝတ္ထုပစ္စည်း အားလုံးကို သိမ်းယူ။ |
| ပုဒ်မ ၅ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ၅၀၁-၁၀၀၀ | သုံးစွဲ၊ ရောင်းဝယ် | ၂-၇နှစ်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်။ ပတ်သက်နေသော ဝတ္ထုပစ္စည်း အားလုံးကို သိမ်းယူ။ |
| ပုဒ်မ ၆ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ၁၀၀၀ ပြား အထက် | သုံးစွဲ၊ ရောင်းဝယ် | ၂-၇နှစ်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်။ ပတ်သက်နေသောဝတ္ထု ပစ္စည်း အားလုံးကို သိမ်းယူ။ ရွှေ့ပြောင်းနိုင်/ မရွှေ့ပြောင်းနိုင် ပိုင်ဆိုင်မှု များကို သိမ်းဆည်း။ |

| | | | | |
|---|---|---|---|---|
| ပုဒ်မ ၇ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ၁၀၀၀ ပြားအထက် | | ပုဒ်မ (၆)အရ (သို့မဟုတ်) ကော် သူးလေ ရာဇဝတ် ဥပဒေ - မူးယစ်ဆေးဝါး အက်ဥပဒေ ပုဒ်မ အရ စွဲချက်တင် အပြစ်ပေး အရေးယူနိုင်။ |
| ပုဒ်မ ၈ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ဆေးဝါး ကုန်ကြမ်း | ထုတ်လုပ် | ၁-၇နှစ်။ အလုပ်ကြမ်းနှင့် ထောင် ဒဏ်။ ပတ်သက် နေ သောဝတ္ထုပစ္စည်း အားလုံးကို သိမ်းယူ။ |
| ပုဒ်မ ၉ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ဆေးဝါး ကုန်ကြမ်း၊ စက်ပစ္စည်း ကိရိယာ | ထုတ်လုပ် | ၇-၁၅နှစ်။ အလုပ်ကြမ်းနှင့် ထောင် ဒဏ်။ ပတ်သက်နေ သောဝတ္ထု ပစ္စည်း အားလုံးကို သိမ်းယူ။ |
| ပုဒ်မ ၁၀ | မြင်းဆေး စိတ်ကြွဆေး ယာဘဆေးပြား | ဆေးဝါး | (သိ/မသိ) သယ်ယူ ရာတွင်ပါဝင် | ၃နှစ်အထိ။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်။ ငွေဒဏ် |

## ငွေဒဏ်၊ ထောင်ဒဏ်သတ်မှတ်ခြင်း

**ပုဒ်မ-၁၁။** (၁/၂၀၁၄) အထူးအက်ဥပဒေပုဒ်မ-(၂)/(၃)/(၄)/(၅)/(၆)/(၇)/(၈)/(၉)/(၁၀)/(၁၁) များဖြင့်မူးယစ်ဆေးဝါးပြုလုပ်ကျူးလွန်သူများအား အပြစ်ပေးအရေးယူစီရင်ချက်ချမှတ်ရာ၌ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကိုလည်းကောင်း၊ လိုအပ်သဖြင့်ငွေဒဏ်ကို ချမှတ်နိုင်သော်လည်း ချမှတ်ထားသည့်ငွေဒဏ်အပေါ် ငွေဒဏ်မဆောင်နိုင်သဖြင့် ငွေဒဏ်နှင့်ညီမျှသော ထောင်ဒဏ်ကို ပြောင်းလဲသတ်မှတ်နိုင်သော်လည်းကောင်းချမှတ်ထားသည့်ထောင်ဒဏ်အပေါ် ထောင်ဒဏ်နှင့်ညီမျှသောငွေဒဏ်သို့ ပြောင်းလဲချမှတ်ခွင့်မရှိစေရ။

| ပုဒ်မ | အမျိုးအစား | ပြစ်ဒဏ် |
|---|---|---|
| ပုဒ်မ ၁၂ | ကော်ရှူခြင်း၊ သောက်ခြင်း၊ စားခြင်း။ | ၃) လမှ (၁)နှစ်အထိ အချုပ်ဖြင့် ဖြစ်စေ၊ အကျယ်ချုပ်ဖြင့်ဖြစ်စေ |

| | | |
|---|---|---|
| ပုဒ်မ ၁၃ | ဒိုင်စီပင်၊ ခိုဒိုင်း၊ ပင်စီဒိုင်း အစရှိသည့် ချောင်းဆိုးပျောက်ဆေးနှင့်နာ ကျင်ထုံထိုင်းမှု ပျောက်ဆေးများ သုံးစွဲခြင်း | ပထမ-အသိပေးခြင်း၊ ဒုတိယ-သတိပေးခြင်း။ ဆက်သုံးပါက အချုပ်ဖြင့်ဖြစ်စေ၊ အကျယ်ချုပ်ဖြင့်ဖြစ်စေ (၆) လကျခံရနိုင်။ |
| ပုဒ်မ ၁၄ | ဆေးခြောက်၊ ဘိန်းမဲ၊ သုံးစွဲခြင်း၊ ရောင်းဝယ် ခြင်း | (၃) လဖြစ်စေ၊ (၆)လဖြစ်စေ၊ (၃)နှစ်အထိ ထောင်ဒဏ်။ (သို့မဟုတ်) ကော်သူးလေရာဇဝတ် ဥပဒေတွင် မူးယစ်ဆေးဝါး အက်ဥပဒေနှင့်လည်း စွဲချက်တင် အရေးယူနိုင်။ |
| ပုဒ်မ ၁၅ (က) | ဘိန်းဖြူ သုံးစွဲခြင်း | ၆လ မှ ၁နှစ် အထိ ထောင်ဒဏ် |
| ပုဒ်မ ၁၅ (က) | ဘိန်းဖြူ သုံးစွဲခြင်း။ ရောင်းဝယ်ခြင်း။ | အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၇)နှစ် - (၁၀)နှစ်အထိ။ |

**ပုဒ်မ-၁၆။** မည်သည့်အရေးယူဆောင်ရွက်မှုကိုမဆို ပြစ်မှုကျူးလွန်သူအပေါ် အရေးယူဆောင်ရွက်ရာ၌ ပိုင်ဆိုင်မှု ဝတ္ထုပစ္စည်းများကို အရေးယူသိမ်းဆည်းရာ၌ သိမ်းဆည်းရမိသောပိုင်ဆိုင်မှု ဝတ္ထုပစ္စည်းအားလုံးသည် ကိုယ်ပိုင် ပစ္စည်းအဖြစ် ရယူပိုင်ဆိုင် သုံးစွဲခြင်း လုံးဝမဖြစ်စေရ၊ ၎င်းပိုင်ဆိုင်မှုနှင့် ဝတ္ထုပစ္စည်းအားလုံးသည် အဖွဲ့အစည်း ဘဏ္ဍာအဖြစ်လည်းကောင်း၊ နိုင်ငံတော် ဘဏ္ဍာအဖြစ်လည်းကောင်း သတ်မှတ်ဆုံးဖြတ်ရမည်။

**ပုဒ်မ-၁၇။** မူးယစ်ဆေးဝါးပညာပေးနှိမ်နင်းတိုက်ဖျက်ရေးအစီအစဉ်အပေါ် အကောင်အထည်ဖော်ဆောင်ရာတွင် များစွာသောပြစ်မှု ကျူးလွန်သူကို ဖမ်းဆီးရမိမည်ဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူများသည်လည်း အဖွဲ့အစည်းအသီးသီးမှ ပါလာနိုင်စရာ အကြောင်း ရှိနိုင်သည့်အပေါ် ဖမ်းဆီးရမိသောပြစ်မှုကျူးလွန်သူ မည်သူကိုမဆို ထိရောက်စွာ အရေးယူရမည်ဖြစ်သဖြင့် ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူအား ကေအဲန်ယူအဖွဲ့ အစည်း မှ ဦးဆောင်ပြီး အပြစ်ပေးစီရင်ချမှတ်၍သော်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းသို့ အမှုတွဲ (သို့မဟုတ်) စစ်ချက်နှင့်အတူ ပြန်လည်အပ်နှံ၍ သက်ဆိုင်ရာအဖွဲ့အစည်းမှ အရေးယူ စီရင်ချမှတ်၍သော်လည်းကောင်း၊ လိုအပ်ပါက နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အပ်နှံခြင်းများကို ဆောင်ရွက် နိုင်သည်။

## ပြစ်ဒဏ်ကျခံသူများအားလျှော့ရက်ပေးခြင်းနှင့်အကာအကွယ်ပေးခြင်း

**ပုဒ်မ-၁၈။** မည်သူမဆိုမူးယစ်ဆေးဝါးပြစ်မှုဖြင့် အပြစ်ပေးထောင်ဒဏ်စီရင်ချမှတ်ခံရသူတိုင်းသည် မည်သည့် အကြောင်းပြချက်နှင့်မျှ ထောင်လျှော့ရက်များပေးခြင်းမပြုဘဲ ထောင်ကျရက်အတွင်းမှ ချုပ်ရက်ကိုထုတ်နှုတ် ခံစားခွင့်ရှိသည်။

**ပုဒ်မ-၁၉။** ပြစ်ဒဏ်ချခံရသူမည်သူမဆို အချုပ်တွင်း၌သော်လည်းကောင်း၊ ထောင်တွင်း၌သော်လည်းကောင်း ပြစ်ဒဏ်ကျခံနေစဉ် အတွင်း နာကျင်စေသောသဘောမဟုတ်ဘဲ ပြုပြင်ကောင်းမွန်လာရေးကို ရှေ့ရှု၍ ပြစ်ဒဏ်ကျခံရသူတိုင်းကို စားနပ်ရိက္ခာ လိုအပ်ချက်၊ ကောင်းမွန်သောနေရာထိုင်ခင်းလိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်၊ လုံခြုံရေးလိုအပ်ချက်နှင့်ဘာသာရေး လိုအပ်ချက်များကို စီစဉ်ပေးရမည်။

## ပြစ်ဒဏ်ကျခံပြီးသူများ ပြစ်ဒဏ်ထပ်မံကျူးလွန်မှုအပေါ် အရေးယူဆောင်ရွက်ခြင်း

ပုဒ်မ-၂၀။ မည်သူမဆို မူးယစ်ဆေးဝါးပြစ်ဒဏ်ချခံရသူများသည် ပြစ်ဒဏ်ခံရဆဲဖြစ်စေ၊ ပြစ်ဒဏ်ခံရပြီးဖြစ်စေမူးယစ်ဆေးဝါးပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို ကျခံဖူးသောပြစ်ဒဏ် တစ်ဆတိုး ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ နိုင်ငံတော်နှင့်ပူးပေါင်းဆောက်ရွက်ခြင်း၊ အပ်နှံခြင်းများကို လုပ်ဆောင်နိုင်သည်။

## မူးယစ်ဆေးဝါးကြောင့်ရာဇဝတ်မှုကျူးလွန်ခြင်း

ပုဒ်မ-၂၁။ မည်သူမဆို မူးယစ်ဆေးဝါးကြောင့် လူသတ်မှုကို ကျူးလွန်ပါက ထိုသူကို ကော်သူးလေရာဇဝတ်ဥပဒေဖြင့် စွဲချက်တင် စီရင်ချမှတ်၍သော်လည်းကောင်း၊ နိုင်ငံတော်ရာဇဝတ်ဥပဒေဖြင့် စီရင်ချမှတ်၍သော်လည်းကောင်း၊ ဆောင်ရွက်နိုင်သည်။

---

## ရှုမြင်သုံးသပ်ချက်




### ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်နယ်မြေ၊ ဒူးပလာယာခရိုင်၊ ခရိုင်အတွင်းရေးမှူး ပဒိုစောလစ်စတန်နှင့် တွေ့ဆုံမေးမြန်းခြင်း

*ပဒိုစောလစ်စတန်သည် ခရိုင်အတွင်းရေးမှူးတစ်ဦးဖြစ်သည့်အလျောက် ဒူးပလာယာခရိုင်အတွင်း လက်ရှိမူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လူထုများ၊ တရားရေးဝန်ဆောင်မှုပေးသူများနှင့် အာဏာပိုင်များမှ ကြုံတွေ့နေရသော အခြေအနေများအား သုံးသပ်တင်ပြထားပါသည်။*

*မေး ။ ။ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်အား ရှင်းပြပေးပါ။*

ဖြေ ။ ။ ကျွန်တော့်နာမည် စောလစ်စတန်ဖြစ်ပါတယ်။ အခု လက်ရှိမှာတော့ ကေအဲန်ယူ၊ ဒူးပလာယာခရိုင်ရဲ့ ခရိုင်အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေသူတစ်ဦးဖြစ်ပါတယ်။

*မေး ။ ။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဒေသတွင်း ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေက ဘာတွေဖြစ်မလဲ။*

ဖြေ ။ ။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ခရိုင်ဒေသအတွင်းမှာ အထူးသဖြင့်တော့ လူထုအတွင်းမှာ သားသမီး လူငယ်တွေ မူးယစ်ဆေးသုံးစွဲမှုကြောင့် အကျင့်စာရိတ္တ ပျက်စီးတာတွေ၊ ပညာရေး စိတ်ဝင်စားမှု မရှိတော့တာတွေ၊ ပြီးတော့ မိဘစကားကို နားမထောင်ပဲ လုပ်ချင်ရာလုပ်လာတာတွေ ရှိတယ်။ ဆိုင်ကယ်တစီဝီနဲ့ ဆိုင်ကယ်အိတ်ဇောပိုက်တွေဖြုတ်။ အလုပ်လုပ်ကိုင်ချင်စိတ်မရှိနေကြဘူး။ အဲဒီနောက်ဆက်တွဲက ဆိုင်ကယ်တွေပျောက်တယ်။ ငွေတွေပျောက်တယ်။ ပစ္စည်းတွေပျောက်တယ်။ အလုပ်မလုပ်ကိုင်တော့ စီးပွားတွေကျတယ်။ ပျက်တယ်။ အဲဒီလိုရင်ဆိုင်ရတယ်။ သားသမီးတွေကို ထိန်းသိမ်းလို့ မရတဲ့အခက်အခဲ တွေရှိပါတယ်။

အာဏာပိုင်တွေအနေနဲ့ကတော့ အမှုများစွာကို လက်ခံလာရတယ်။ ကျွန်တော်တို့တွေကတော့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပါတယ်။ တချို့ကတော့ သားသမီးတွေဆိုးတယ် ဆိုပေမယ့်

တချို့က ရဲစခန်းကိုတိုင်ကြားတာ၊ တရားရုံးကို တိုင်ကြားတာတွေ ရှိလာတယ်။ တချို့သူတွေကျတော့ ဘာမှ မတိုင်ကြားတာမျိုးရှိတယ်။ ဒါပေမဲ့ မိဘတွေက သူတို့သားသမီးကို ထိန်းလို့မရလို့ သူတို့ကိုယ်စား ထိန်းပေးပါဆိုပြီး ရဲစခန်းကို လာအပ်တယ်။ လက်ခံထားတော့ ဘာဖြစ်သလဲဆိုရင် ပြီးခဲ့တဲ့လကပေါ့ "xxx "မှာ မိဘတွေက ဆေးစွဲပြီးထိန်းလို့မရတဲ့ကလေးကို ရဲစခန်း(KNPF) မှာ လာအပ်ထားတယ်။ အဲဒီကလေးက ဘာလုပ်သလဲဆိုတော့ ညသန်းခေါင်မှာ အဲဒီက အချုပ်တာဝန်ခံ အိပ်ပျော်နေတဲ့အချိန်မှာ ပစ်သတ်ပြီး ထွက်ပြေးသွားတယ်။ အဲဒီအရာရှိက ဆုံးသွားတယ်။ နောက်တော့ အဲဒီကလေးကိုလိုက်တော့ အဲဒီကလေးကလဲ အဲဒီသေနတ်နဲ့ပဲ သူ့ကိုယ်သူ ပြန်ပစ်သတ်သွားတယ်။ အရာရှိလဲသေ၊ အဲဒီကလေးက ပျက်စီးရာကနေ သေသွားတာပေါ့။ မိဘကလည်း သားသမီးကိုဆုံးရှုံး၊ စိတ်သောကလဲရောက်ရတာပေါ့။ တခြားအခက်အခဲတွေလည်း အများကြီးရှိပါသေးတယ်။

*မေး ။ ။ ကိုဗစ်-၁၉ အချိန်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း အခြေအနေနှစ်ခုအကြား မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ကိုင်တွယ် ဖြေရှင်းရတာနဲ့ပတ်သက်ပြီး မိမိကြုံတွေ့ခဲ့ရသော ခြားနားချက်အား ဖော်ပြပေးပါ။*

ဖြေ ။ ။ ကိုဗစ်ကာလမှာ မူးယစ်ဆေးသုံးစွဲတာတွေရှိပေမယ့် သိပ်မထင်ရှားဘူးပေါ့နော်။ မေးမှိန်သွားတဲ့ သဘောတော့ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်မနေရဘူး၊ Mask တပ်ရမယ်ဆိုတဲ့ ဒီကိုဗစ်စည်းကမ်းတွေကြောင့်ပေါ့နော်။ လူတွေက တစ်ယောက်နဲ့တစ်ယောက် ပူးတွဲသွားလာတာမျိုးမလုပ်ရတဲ့ စည်းကမ်းတွေကြောင့် ခုနလို မူးယစ်ဆေးဝါးတွေသုံးစွဲတာရှိပေမယ့်လည်း မထင်ရှားတဲ့အနေအထားဖြစ်သွားတယ်။ ဒါပေမယ့် အာဏာသိမ်းကာလကျတော့ ကိုဗစ်စည်းကမ်းကို သူတို့ဂရုမစိုက်ဘူး။ အဲဒီနောက်ပိုင်း လူစုလူဝေးတွေ ပြန်ဖြစ်လာပြီးတော့ သုံးစွဲမှုတွေက မြင့်တက်လာတယ်။ ဆိုတော့ ခြားနားချက်ကိုပြောမယ်ဆိုရင် တူညီတာ ပြောရမယ်ဆိုရင် ပညာရေးကျောင်းတွေကျတော့ ကိုဗစ်ကာလထဲကပိတ်တာပေါ့။ အဲဒီကိုဗစ်ကာလမှာ မူးယစ်ဆေးဝါး မေးမှိန်သွားတဲ့ အနေအထားဖြစ်သွားတယ်။

အာဏာသိမ်းပြီးတော့ ပိုဆိုးသွားတယ်။ ကျောင်းတွေပြန်မတက်ရတော့ဘူးဆိုတဲ့အခါကျတော့ ကလေးတွေက လေလွင့်တာပေါ့နော်။ အပြင်မှာရောက်တဲ့အခါကျတော့ သူတို့တွေက ဆိုင်ကယ်တစီးနဲ့၊ အဲဒီမှာလည်း မူးယစ်ဆေးဝါးရောင်း ဝယ်မှုတွေကလည်း တော်တော် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတယ်။ ထိန်းမနိုင်သိမ်းမရ အဲလိုမျိုးကျတော့ ပိုဆိုးသွားတာပေါ့။ အာဏာသိမ်းပြီးကျတော့ ကိုဗစ်စည်းကမ်းတွေ လျော့ကျသွားတဲ့အပေါ်မှာ မူးယစ်ဆေးဝါးတွေကို တရိုန်ထိုး တိုးမြင့်ပြီး သုံးစွဲလာတာတွေများတာပေါ့။ မူးယစ်ဆေးဝါးတွေက ပြောရမယ်ဆိုရင် နေရာတကာမှာ အလွယ်တကူ ဝယ်လို့ရတဲ့အနေအထားတွေ ဖြစ်လာတယ်။

ခြားနားချက်ကတော့ ကိုဗစ်စည်းကမ်းကြောင့် မူးယစ်ဆေးဝါးက မေးမှိန်သွားပေမယ့် အာဏာသိမ်းပြီးကာလမှာကျတော့ ပြန်ပြီးတော့မြင့်တက်လာတယ်၊ အဲဒီလိုမျိုးတွေတော့ ရှိပါတယ်။

*မေး ။ ။ ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အာဏာပိုင်များ ကြုံတွေ့ခဲ့ရသော ပုံစံအနေအထားကိုရှင်းပြပေးပါ။*

ဖြေ ။ ။ ဖြေရှင်းတာကတော့ ရဲလုပ်ထုံးလုပ်နည်း အရပေါ့။ အရေးကြီးတာကတော့ လူထုကိုယ်တိုင် သတင်းပေးဖို့လည်း လိုတယ်။ တတ်နိုင်သမျှ ရဲတွေက မြို့နယ်အလျောက်၊ ခရိုင်အလျောက် သတင်းများ အဆက်မပြတ်လိုက်ယူရတယ်။ လူငယ်တွေကို နောက်ယောင်ခံ လိုက်ရတယ်။ နောက်ပြီး ဆေးသုံးစွဲတတ်သော လူတွေကနေတဆင့် သတင်းယူရတာပေါ့။ အဲဒီလိုသတင်းယူပြီးတော့ ရုံးတင်ရတယ်။ သုံးစွဲသူတွေကျတော့လည်း သုံးစွဲတဲ့အလျောက် အမှုစွဲပြီးတော့ သူတို့ကိုတရားစီရင်တာပေါ့။ ရောင်းဝယ်ဖောက်ကားသူတွေကျတော့လည်း ရောင်းဝယ်တဲ့အလျောက် မိတယ်ဆိုရင် ရဲလုပ်ထုံးလုပ်နည်းတွေနဲ့ တရားရုံးတွေတင်တာပေါ့၊ စီရင်ချက်ချရတဲ့အဆင့်ထိ ရှိတယ်။ ပြဿနာကခုနကပြောတဲ့ ကိုဗစ်ကာလသော်လည်းကောင်း၊ အာဏာသိမ်းကာလသော်လည်းကောင်း အလုပ်တွေကလည်းရှားပါးတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေမရှိတော့ဘူး။ အဲလိုတွေဖြစ်တဲ့အခါကျတော့ စီးပွားတွေပျက်တော့ လွယ်လင့်တကူ စီးပွားရှာတဲ့ အပိုင်းတွေလည်း ရှိလာတဲ့အပေါ်မှာ မူးယစ်ဆေးဝါးက အလွယ်တကူနဲ့ ထိုးဖောက်ဝင်ရောက် လာတာတွေ အများကြီးဖြစ်လာတာပေါ့။ အဲ့လိုမျိုးတွေကို အများကြီးရင်ဆိုင်ရတယ်။ ဒါပေမယ့် အရေးယူဆောင်ရွက်မှုအပိုင်းမှာ ကျွန်တော်တို့သတင်းရရင်ရသလို စုံစမ်းထောက်လှမ်းပြီး လုပ်ထုံးလုပ်နည်းအတိုင်း တရားရုံးတင်တယ်၊ အရေးယူတယ်။ သုံးစွဲသူလည်းသုံးစွဲသူအလျောက်၊ လက်ဝယ် ထားရှိသူလည်းလက်ဝယ် ထားရှိတဲ့အလျောက်၊ ရောင်းဝယ်ဖောက်ကားသူလည်း ရောင်းဝယ်ဖောက်ကားတဲ့ အလျောက် ကျွန်တော်တို့ အတော်အတန် အရေးယူနိုင်ခဲ့တယ်။

*မေး ။ ။ ကိုဗစ်ကာလအရေးယူတာနဲ့ ခုကာလအရေးယူတာကျတော့ ဘယ်အချိန်က ပိုပြီးအဆင်ပြေပြေ ဆောင်ရွက်နိုင်သလဲ။ ဘာကြောင့်လဲ။*

ဖြေ ။ ။ နှစ်ခုစလုံးကတော့ အရေးယူ လုပ်ဆောင်နိုင်ပါတယ်။ ကိုဗစ်ကာလမှာတော့ သိပ်ပြီး အရေးယူဆောင်ရွက်ရတာမရှိဘူး။ မရှိဘူးဆိုတာက လူစုလူဝေးတွေ မရှိရတာတို့၊ သုံးစွဲမှုက နည်းနည်း

ကျဆင်းသွားတဲ့ သဘောရှိတဲ့အတွက် အရေးယူရတဲ့အပိုင်းမှာ အခက်အခဲကတော့ သိပ်မရှိဘူး။ များများစားစားလည်းမရှိဘူး။ အာဏာသိမ်းကာလကျတော့ ကောင်းမွန်စွာ ရုံးတင်နိုင်တာရှိသလို ကောင်းမွန်စွာ ရုံးမတင်နိုင်တာရှိတယ်။ ဥပမာ - သတင်းရလို့ လိုက်ပြီဆိုရင် တချို့က သူတို့ထဲမှာ ထောက်လှမ်းရေးတွေနဲ့ အပေးအယူ အချိတ်အဆက်တွေ များကြတဲ့အခါကျတော့ အခြားလက်နက်ကိုင် အဖွဲ့တွေဆီ ခိုလှုံသွားတာတွေ၊ စစ်ကောင်စီထဲကို ဝင်သွားတာတွေ ရှိတဲ့အတွက်ကြောင့် အရေးမယူလိုက်နိုင်တာတွေ ရှိတယ်။ ရုံးတွေ ဘာတွေရောက်တာရှိသလို၊ ရုံးတွေမရောက်တဲ့အခါတွေမှာတော့ ခုနလိုအခြေအနေတွေကြောင့် အရေးယူနိုင်ခြင်းမရှိပဲ လွတ်သွားတာတွေရှိတာပေါ့။

*မေး ။ ။ ပဒိုပြောချင်တာက ဒီနောက်ပိုင်းကျ ပိုပြီးတော့ခက်ခဲသွားတဲ့ပုံစံတော့ပေါ်သွားတာပေါ့။*

ဖြေ ။ ။ ဟုတ်ကဲ့။ အခုနလိုမျိုး စစ်ကောင်စီထဲဝင်သွားတာတို့၊ တခြားလက်နက်ကိုင်တွေထဲ ခိုလှုံသွားတဲ့အခြေအနေတွေမှာတော့ နည်းနည်းအနှောင့်အယှက်ဖြစ်တာပေါ့။ လူထုထဲမှာ အဲဒီပြဿနာတွေရှိပြီး လူထုထဲမှာပဲ အဲဒီလိုလုပ်စားတဲ့သူတွေရှိနေတော့ သူတို့ကိုယ်တိုင်ကထိမ်ချန်ပေးတာတွေ၊ ကာကွယ်ပေးတာတွေ၊ ဖော်ထုတ်လို့မရတာတွေလည်းရှိတယ်။

*မေး ။ ။ မိမိဌာန(သို့)မိမိအနေဖြင့် မူးယစ်တားဆီးနှိမ်နင်းရေးတွေမှာ ကောင်းစွာလုပ်ဆောင်နိုင်ခဲ့သော အရာများနှင့် ဘယ်လိုကြောင့် လုပ်ဆောင်နိုင်ခဲ့တယ်ဆိုတဲ့ အကြောင်းအား ရှင်းပြပေးပါ။*

**ဖြေ ။** ။ ခုနကကျွန်တော်ပြောသွားတဲ့အထဲမှာလည်း ပါကောင်းပါသွားနိုင်တယ်။ အရေးယူနိုင်တာတွေလည်းရှိသလို အရေးမယူနိုင်တာတွေလည်းရှိတယ်။ အရေးယူနိုင်တဲ့အခြေအနေတွေကျတော့ သူတာဝန်နဲ့သူ သက်ဆိုင်ရာအဖက်ဖက်က ကူညီလို့ လုပ်ဆောင်နိုင်ခဲ့တယ်။ ဥပမာ - ရဲဆိုလည်း ရဲကဏ္ဍက၊ တရားရုံးဆိုလည်း တရားကဏ္ဍဖက်က လုပ်တယ်။ လူထုဆိုလည်းသတင်းပေးတာ၊ နောက်ပြီး ကိုယ့်အဖွဲ့အစည်းထဲက ဘယ်ဌာနကိုမဆို ဒီမူးယစ်ရဲ့ အန္တရာယ်ကြီးတဲ့အပေါ်မှာ သတင်းပေးတာတွေ၊ ဝိုင်းဝန်းကူညီပြီးတော့ ပံ့ပိုးပေးလို့သာ ဒီလိုအရေးယူဆောင်ရွက်မှုတွေကို လုပ်နိုင်ခဲ့တယ်။ နောက်တစ်ခုက တချို့ဆိုရင် တခြားလက်နက်ကိုင်အဖွဲ့တွေကြောင့် အခက်အခဲဖြစ်တယ်လို့ပြောပေမယ့် တခြားလက်နက်ကိုင်အချို့နဲ့ ညှိနှိုင်းပြီး ပြစ်မှုကျူးလွန်သူကို ခေါ်ယူတွေ့ဆုံစေပြီး အရေးယူနိုင်ခဲ့တာမျိုးလည်း ရှိတယ်။ ပြောရမယ်ဆိုရင် သက်ဆိုင်တဲ့သူတွေရဲ့ အသိတရားအပေါ်မှာ မူတည် တယ်။ အဲဒီလို သူ့ကဏ္ဍနဲ့သူ ကူညီပေးတဲ့အတွက် ဘယ်အဖွဲ့ရယ်လို့တော့ အကုန်လုံးပြောလို့မရဘူး။ အထူးသဖြင့် ရဲနဲ့တရားစီရင်ရေးဖြစ်တယ်။ သူတို့ကိုင်တွယ်ခဲ့တယ်။ ဒါပေမဲ့ အခြားဌာနများတွင် သော်လည်းကောင်း၊ ပြည်သူလူထုများတွင် သော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများတွင် သော်လည်းကောင်း ကျွန်တော်တို့ကို ဝိုင်းဝန်းပေးတဲ့အတွက် လိုအပ်တဲ့အကူအညီတွေကိုတောင်းခံတယ်။ ပြီးရင်ဘယ်လိုဆောင် ရွက်ရမယ်ဆိုတဲ့ နည်းလမ်းကိုရှာတယ်။ ထိုကဲ့သို့ ဝိုင်းဝန်းဆောင်ရွက်မှုများကြောင့် ကောင်းကောင်းမွန်မွန် အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။

*မေး ။ ။ မိမိတို့ဌာန(သို့) မိမိရဲ့ စိန်ခေါ်မှုတွေက ဘာတွေလဲ။ ဘယ်လိုရင်ဆိုင်ဖြတ်သန်းခဲ့လဲ။*

ဖြေ ။ ။ စိန်ခေါ်မှုကတော့ အခြားလက်နက်ကိုင်တွေနဲ့ ပတ်သက်ဆက်နွယ်တာမျိုးက စိန်ခေါ်မှုတစ်ခုပါပဲ။ နောက်ပြီးတော့ လာဘ်ပေးလာဘ်ယူမှုများကလည်း စိန်ခေါ်မှုတစ်ခုပဲ။ လူထုတွေကို တင်ပြလို့ မရတာလည်းရှိတယ်ဗျ။ ဥပမာ - ကျွန်တော့်အတွေ့အကြုံအရဆိုရင် “ဟာ.. ဆရာကြီး၊ ကျွန်တော်တို့သား/သမီးတွေ တအားပျက်စီးတယ်။ မူးယစ်ဆေးဝါးတွေကို ခင်ဗျားတို့အရေးမယူဘူးလား။ ဒီမှာဒီလိုတွေဖြစ်နေတယ်။ ရှာဖွေဖော်ထုတ်ပြီးတော့ အရေးယူပေးပါ။ မဟုတ်ရင် ကျွန်တော်တို့သားသမီးတွေ ပျက်စီးကုန်ပြီ” ဆိုပြီး တင်ပြကြတယ်။ တင်ပြတဲ့ပုံစံက ကျေးရွာဆိုရင် ကျေးရွာကနေ မြို့နယ်၊ မြို့နယ်ကနေ ခရိုင် ဆိုပြီး အဆင့်ဆင့်ရှိတယ်။ ဒါပေမယ့် တစ်ခါတစ်လေ လူထုက မတင်ပြရဲဘူး။ ယုံကြည်တဲ့ ခေါင်းဆောင်တွေကနေတဆင့်ပဲ တင်ပြရဲတယ်။ မတင်ပြရဲဘူးဆိုတဲ့ကိစ္စကလည်း စိန်ခေါ်မှုပဲ။ ဘာလို့လဲဆိုတော့ သူတို့မတင်ပြရဲရင် အာဏာပိုင်တွေက အချက်အလက်မရဘူး။ အချက်အလက်မရတော့ ဘယ်လိုမှ အရေးမယူတတ်ဘူး။ ကျွန်တော်တို့ အတွက် အမှုမှန်ဖော်ထုတ်နိုင်ခြင်းတွေ၊ မူးယစ်နှိမ်နင်းမှုမှာ စိန်ခေါ်မှုတွေဖြစ်တာပေါ့။

*မေး ။ ။ အဲဒီလိုမျိုးစိန်ခေါ်မှုတွေကို အာဏာပိုင်တွေအနေနဲ့ ဘယ်လိုဖြတ်သန်းခဲ့ရလဲ။*

ဖြေ ။ ။ အခြေအနေ အချိန်အခါတွေလည်း ကွာသေးတယ်။ အချိန်ရရင်ရသလို ကျွန်တော်တို့ကလည်း တာဝန်ရှိတဲ့သူ အဆင့်ဆင့်ကိုလူထုကိုမခြိမ်းခြောက်ဖို့ပြောရတယ်။ လူထုတွေကိုလည်း ပညာပေးရတာပေါ့၊ လူထုတွေ မတင်ပြရဲရင် မတင်ပြရဲတဲ့ အကျိုးဆက်ကို လူထုပဲခံရမှာဖြစ်တယ်။ ဒီလို အသိပညာပေးတွေ ပေးရတာရှိတယ်။ အားလုံးမှာတာဝန်ရှိတယ်ဆိုတဲ့အကြောင်းတွေပေါ့။ နောက်ပြီး တခြားလက်နက်ကိုင်တွေကိုလည်း ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့က ပျက်စီးမှုမဖြစ်အောင် ဝိုင်းဝန်းကူညီပြီးတော့ လုပ်တာဖြစ်တဲ့အကြောင်း ညှိနှိုင်းပြောပြထားတယ်။

*မေး ။ ။ မူးယစ်နဲ့ပတ်သက်ပြီး ခေါင်းဆောင် ဒါမှမဟုတ် အာဏာပိုင်တွေရဲ့ အခြားသောအခက်အခဲတွေက ဘာတွေလဲ။*

ဖြေ ။ ။ အခြားအခက်အခဲတွေကတော့ အတူတူပါပဲ။ သုံးစွဲရောင်းဝယ်သူတွေကို တချို့ကတော့ အကျိုးတူ စီးပွားရေးသမားတွေက ထိမ်ချန်ကာကွယ်ပေးတာတွေကလည်း ကျွန်တော်တို့အတွက် အခက်အခဲ ဖြစ်စေတယ်။ နောက်ထူးခြားတာကတော့ အခုတလော ဘိန်းစာရွက်ကအတော်ခေတ်စားတယ်။ အခုက အတိုင်းထက်အလွန်ပေါများနေတယ်။ တချို့ကတော့ ဆေးလို့ပြောတယ်။ ဘိန်းစာရွက်က ဆီးချိုတို့ဘာတို့ပျောက်ကင်းတယ်ပြောတယ်။ အမှန်ဆို ဆေး လိုသုံးမယ်ဆိုရင် လက်ဖက်ရည်လိုသောက်ကြတယ်။ အခုက ချောင်းဆိုးပျောက်ဆေးနဲ့ အခြားဟာတွေနဲ့ ရောနှောပြီးတော့ အပျော်သောက်ကြတယ်။ အဲဒီလို အလွန်အကျွံသောက်တဲ့အခါကျတော့ ဘာအလုပ်မှ မလုပ်တော့ဘူး။ အဲဒါကိုပဲ စွဲစွဲလမ်းလမ်းသောက်ပြီး သွားလာနေတာကလည်း အခက်အခဲတစ်ခုဖြစ်တယ်။ နောက်ဘာတွေဖြစ်လာလဲဆိုတော့ တချို့က အဲဒီဘိန်းစာရွက်တွေစိုက်တာ စီးပွားဖြစ်တော့ တရားဝင် စိုက်ပျိုးခွင့်တောင်းတာတွေရှိတယ်။ ဒီနေရာမှာ လူနှစ်မျိုးဖြစ်သွားတယ်။ ဆိုလိုတာက လူအတော်များများကတော့ ဒါက ကျွန်တော်တို့သားသမီးတွေကိုပျက်စီးစေတယ်။ ဒါကြောင့်ကန့်ကွက်တယ်။ တချို့ နည်းနည်းစီးပွားဖြစ်တဲ့သူတွေကျတော့ တိုးချဲ့ပြီးလုပ်ချင်တယ်။ အခွန်အကောက်ပေးမယ်၊ လုပ်ခွင့်ပေးရန် လာပြီးတင်ပြတာတွေရှိတယ်။ အဲဒီလိုပြဿနာတွေရှိတယ်။ နောက်ပြဿနာကတော့ ဆေးခြောက်၊ မူးယစ်ဆေးတို့ဖြစ်တယ်။ ပုံမှန်ကတော့ တောက်လျှောက်ဖြစ်နေတဲ့အခက်အခဲပဲ။ ဒီဘိန်းစာရွက်ကတော့ ထူးခြားလာတဲ့ အခြားအခက် အခဲတွေထဲက တစ်ခုပေါ့။ ဘိန်းစာရွက်ကို စိုက်ပျိုး သုံးစွဲ ရောင်းဝယ် ဖောက်ကားခြင်းနှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်မှုတွေ တိတိ ကျကျမရှိသေးသော်လည်း ကျွန်တော်တို့ ခရိုင်ကတော့ ဒေသန္တရစည်းကမ်းကို ထုတ်ပြန်ပြီးတော့ အရေးယူဆောင်ရွက်တာတွေရှိတယ်။ လူထုကလည်း ဘယ်လောက် လိုက်ပါလုပ်ဆောင်နိုင်မလဲဆိုတာကိုတော့ စောင့်ကြည့်ရမယ်။

*မေး ။ ။ မူးယစ်တားဆီးနှိမ်နင်းရေးနဲ့ဆိုင်တဲ့ မိမိလုပ်ငန်းတာဝန်တွေမှာ ထိရောက်အောင်လုပ်ကိုင်နိုင်ဖို့ ဘယ်လို အပြောင်းအလဲတွေလုပ်ဖို့လိုအပ်မယ်ထင်သလဲ။ ဘာပံ့ပိုးမှုတွေ လိုအပ်ပါသလဲ။*

ဖြေ ။ ။ ဒီမေးခွန်းကတော့ နည်းနည်းတော့ကြီးကျယ်မလားတော့မသိဘူး။ ထိရောက်အောင်လုပ်ကိုင်နိုင်ဖို့ဆိုတာက နိုင်ငံရေးအပြောင်းအလဲဖြစ်ဖို့ကတော့ အဓိကပဲလို့ထင်တယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရေး မတည်ငြိမ်တဲ့အခါကျတော့ အုပ်ချုပ်ရေးတွေကမတည်ငြိမ်ဘူး။ မတည်ငြိမ်တဲ့အခါကျတော့ လုပ်ဆောင်မှု တိုင်းမှာ အခက်အခဲတမျိုးမဟုတ်တမျိုး ရင်ဆိုင်ရတာပဲ။ ဥပမာ - တိုက်ပွဲတွေဖြစ်တဲ့အချိန်ဆိုရင် ဘာမှလုပ်လို့မရဘူး။ နိုင်ငံရေးတည်ငြိမ်ရင် အုပ်ချုပ်ရေးကမတည်ငြိမ်ဘူး။ အုပ်ချုပ်ရေးကမတည်ငြိမ်ဘူးဆိုရင် ရွာလူကြီးကိုဖြုတ်မယ်၊ ဟိုရွာလူကြီးကို တခြားပါတီကသတ်မယ် ဖြတ်မယ် ဖြစ်နေတဲ့အခါကျတော့ အုပ်ချုပ်ရေး တည်ငြိမ်မှုမရှိတဲ့အခါကျတော့ အရေးယူဆောင်ရွက်မှုတွေမှာ အထူးသဖြင့် ကျေးရွာအဆင့်တွေက အခက်အခဲပိုဖြစ်တယ်။ မြို့နယ်အဆင့်တွေရောက်ပြီဆိုရင်တော့ ကိစ္စမရှိဘူး။ ဒါကဆက်လက်ဆောင်ရွက်လို့ရတယ်။ အချုပ်အနေဖြင့်အပြောင်းအလဲကတော့ နိုင်ငံရေးအပြောင်းအလဲလုပ်ဖို့ လိုတယ်။ နောက်တခုက ထိရောက်စွာ နှိမ်နင်းနိုင်ဖို့ဆိုရင် အခြေအနေရှုပ်ထွေးမှု အခက်အခဲတွေကြောင့် ရဲတပ်ဖွဲ့အင်အားတွေကလည်း မလုံလောက်ဘူး။ ဒါကအခက်အခဲဖြစ်တော့ ရဲတပ်ဖွဲ့ အင်အားကို တိုးချဲ့ဖို့လိုမယ်။ မူးယစ်နဲ့ပတ်သက် ပြီးတော့ အသိတရားတွေဖြစ်လာအောင် သင်တန်းတွေ၊ မူးယစ်နှိမ်နင်းရေးအတွက် သင်တန်းတွေ အများကြီးလိုအပ်လိမ့်မယ်။ ပံ့ပိုးမှုတွေလိုမှာပေါ့။ အထောက်အကူပစ္စည်းတွေလည်းလိုမယ်။ ဘာလို့လဲ ဆိုတော့ ခုနကလို ရဲများကို သင်တန်းပေးရမယ်။ ပြည်သူလူထုများကြားမှာ ပညာပေးရမယ်။ ရဲတပ်ဖွဲ့အင်အား တွေတိုးရမယ်။ အရေး ယူဆောင်ရွက်မှုများအတွက် အသုံးအဆောင်ပစ္စည်းတွေ လိုမယ်။ ဆီးစစ်တယ်ဆိုရင် ကျွန်တော်တို့မှာ ဘာပစ္စည်းမှမရှိဘူးလေ။ ဆေးဝါးသုံးစွဲရာမှာ ဆီးထဲမှာ အဲဒါတွေပါတယ်ဆို တော့ အဲဒါတွေရှာဖွေဖို့ကဆီးစစ်ဖို့ပေါ့။ သင်တန်းတွေလုပ်မယ်ဆိုလည်း ပံ့ပိုးမှုတွေလိုတယ်။ လိုအပ်တာတွေတော့ အများကြီးရှိပါတယ်။

*မေး ။ ။ မူးယစ်(နှိမ်နင်းရေး)နဲ့ပတ်သက်ပြီး မိမိစိတ်ကူးစီစဉ်ထားသော အစီအစဉ်များကို အကျဉ်းချုံးပြောပြ ပေးပါ။*

ဖြေ ။ ။ အစီအစဉ်ကတော့ ပုံမှန်လုပ်ငန်းအတိုင်းပဲလည်ပတ်ကြတယ်။ သမာရိုးကျလို့ပဲပြောရမလား။ ခရိုင်မှာကျွန်တော်ရှေ့ဆောင်လုပ်ခဲ့ဖူးတာရှိတယ်။ အဲဒါတွေကိုတော့ လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်တာတော့ အားနည်းသေးတယ်။ အားနည်းသေးတာက ခုနကလို နိုင်ငံရေးမတည်ငြိမ်တော့ စစ်တွေဖြစ်တယ်။ တိုက်ပွဲတွေဖြစ်တယ်။ နေရာအနှံ့ဖြစ်တယ်။ လက်လှမ်းမီရင်မီသလို ရွာတွေကိုလက်နက်ကြီး တွေနဲ့လှမ်းပစ်တာတို့။ လေကြောင်းရန်ဆိုရင် လက်နက်ကြီးတကမ်းနဲ့ ဝေးတဲ့နေရာဆိုရင်တောင်မှ မလုံခြုံဘူး။ အခုဆိုရင် ဘုရားကျောင်းလာတက်ရင်တောင် ဘုရားကျောင်းများလာပစ်မလား၊ လူစုလူဝေးနဲ့တွေ့ရင်တော့ ဒါက ကေအဲန်ယူအစည်းအဝေးလားမသိဘူး၊ ပစ်မယ်ခတ်

မယ်ဆိုရင် တည်တည်ငြိမ်ငြိမ်မရှိတော့ ဆောင်ရွက်ရတာခက်တာပေါ့။ ဒါကြောင့် ကျွန်တော်တို့စီစဉ်ထားတာကတော့ ပထမအဆင့်က မူးယစ်ဆေးဝါးရဲ့ ကောင်း ကျိုးနဲ့ဆိုးပြစ်ကို သိဖို့လိုတယ်။ အဲဒီနေရာမှာ ကောင်းကျိုးထက်ဆိုးပြစ်က ပိုများတဲ့အတွက် ဒါတွေနဲ့ပတ်သက်တဲ့ ပညာပေးရေးကို ပထမ အဆင့်လုပ်ဖို့ရှိတယ်။ အဲဒါတွေကို ကျောင်း တွေ၊ လူထုတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ ပညာပေးရေးကိုလုပ်ငန်းစဉ်တခု အနေနဲ့ထားတယ်။ ဒုတိယအဆင့်ကျတော့ မူးယစ်သုံးစွဲသူသော်လည်းကောင်း၊ လက်ဝယ်ထားရှိ၊ ရောင်းဝယ်၊ ဖောက်ကားသူသော်လည်းကောင်း အချက်အလက်ခိုင်လုံပြီးတော့ အရေးယူနိုင်တဲ့အဆင့်ဖြစ်တယ်။ ရုံးတင်ပြီး စီရင်ချက်ချတဲ့အဆင့် လို့ခေါ်လို့ရတယ်။ တတိယအဆင့်ကျတော့ နောက်ခံအင်အားကြီးတာတွေရှိနိုင်တယ်။ ဥပမာ - တချို့က သုံးစွဲတာမဟုတ်ဘူး။ ရောင်းဝယ် ဖောက်ကားနေတာက အကြီးကြီးတွေ။ သူတို့က သိန်းနဲ့သန်းနဲ့ချီပြီးတော့ကို ကုန်ကူးတာ။ အဲလိုသတင်းမျိုးက သေးသေး မွှားမွှား အလယ်အလတ်ကိစ္စကို ကြားသိတာကနေစပြီး နောက်ဆက်တွဲရတဲ့ အချက်အလက်တွေဖြစ်တယ်။ အဲဒါတွေကျတော့ ချက်ချင်း ကြီးကိုင်လို့မရဘူး၊ တချို့ကတော့ မင်းတို့က အရေးမယူဘူးလားဆိုပြီး အရေးယူစေချင်တဲ့ပြည်သူလူထုရဲ့ဆန္ဒလည်း ကြားရတယ်။ သို့သော်လည်းပဲ ဒါတွေက တခါတလေကျတော့ နောက်ခံအင်အားကကြီးကျယ်တယ်။ နောက်ခံလက်နက်ကိုင်တပ်ကြီးတွေရှိတယ်။ တချို့က စစ်ကောင်စီထဲကလာတယ်။ ကျွန်တော်ဆိုရင် တခါတွေ့ကြုံရတာက သူတို့က ကျွန်တော်တို့ဒေသမှာဆေးတွေသွင်းယူလာတယ်ဗျ။ ဆေးတွေသွင်းပြီးတော့ ဒီဘက်က အမျိုးသမီးတစ်ဦးကိုရောင်းခိုင်းတယ်။ သူတို့က ထောင်ချောက်ဆင်ပြီးတော့ လာဝယ်တဲ့ ပိုက်ဆံနံပါတ်ကို မှတ်ပြီး အဲဒီအမျိုးသမီးလက်ခံလိုက်တဲ့ပိုက်ဆံတွေကို အချက်အလက်ယူပြီးတော့ လာပြီးဖမ်းတယ်။ အမျိုးသမီးက ကျွန်မမရောင်းရဘူးဆိုပေမယ့် ပိုက်ဆံနံပါတ်နဲ့စစ်ပြီး ဖမ်းလိုက်တယ်။ ဒါပေမယ့် ပြဿနာက အဲဒီအမျိုးသမီးက ကြားအင်းဆိပ်ကြီးထဲက ရဲစခန်းနားမှာ သူတို့ကြိုတင်စီစဉ် ထားတာတွေရှိတယ်။ အမျိုးသမီးကကျွန်တော်တို့ဆီကို ခိုလှုံလာတယ်။ အမျိုးသမီးကကျွန်တော်တို့ရဲ့တရားစီရင်မှုကို ခံယူချင်တယ်။ သူမကို ဟိုဘက်ကိုပြန်မအပ်ဖို့တောင်းဆိုတယ်။ အမှုဖြစ်လာတော့ သူတို့က အမှုကို လွှဲခိုင်းတယ်။ ကျွန်တော်တို့ကလည်း ဒီဘက်ကို အမှုပြန်တောင်းတယ်။ အဲဒီတုန်းက ငြိမ်းချမ်းရေးစကား ပြောနေတဲ့ ကာလ ဖြစ်တော့ဆက်ဆံလို့ရသေးတယ်။ ပြောချင်တာက နောက်ခံတွေ၊ တခြားလက်နက်ကိုင်တွေရှိမယ်။ စစ်ကောင်စီတွေရှိနိုင်တယ်။ အဲဒီလိုနောက်ခံတွေရှိတဲ့အခါကျတော့ ကျွန်တော်တို့ကအချက်အလက်တွေကို စုဆောင်းထားရတယ်။ ခိုင်လုံပြည့်စုံတဲ့အချိန်ကျရင် ဘယ်အဆင့်အထိ ကြီးမားလဲဆိုတဲ့အပေါ်မှာကြည့်ပြီး ကျွန်တော်တို့က Operation ကိုသေချာဆွဲပြီးတော့မှ အရေးယူဆောင်ရွက်မှုကို နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်တဲ့အင်အားသုံးပြီးလုပ်ရမယ်။ အဲဒီလိုအစီအစဉ်တွေကို ကျွန်တော်တို့ကချထားတာဖြစ်တယ်။

*မေး ။ ။ တရားရေးဆိုင်ရာ ဝန်ဆောင်မှုပေးသူတွေကို မူးယစ်နဲ့ပတ်သက်ပြီး ဘာအကြံပြုလိုပါသလဲ။*

ဖြေ ။ ။ အတီးအနေနဲ့တော့ အထူးအထွေတော့ ပေးလို့မတတ်ဘူးပေါ့လေ။ ဒါပေမယ့် အကြံပြုချင်တာကတော့ အထူးသဖြင့် ပညာပေးရေးကို သက်ဆိုင်တဲ့အဖွဲ့တွေက အဆက်မပြတ်လုပ်ဖို့လိုတယ်။ ဘာလို့လဲဆိုတော့ လူထုတွေက တခါတလေကျရင် တိုက်ပွဲတွေထဲမှာပဲ ကျင်လည်ကြီးပြင်းလာတဲ့ ရွာလူထုတွေဆိုတော့လေ အသိပညာတိုးလာဖို့လိုတယ်။ အရေးကြီးပြီး အခြေခံကျတာကတော့ အဲဒီ အသိတရားပဲ။ ဒါကြောင့် အသိတရားပြည့်ဖို့အတွက် ပညာပေးရေးက အခြေခံအကျဆုံးဖြစ်မယ်လို့တော့ ကျွန်တော်မြင်တယ်။

*မေး ။ ။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ပြည်သူလူထုတွေကို ပြောချင်တဲ့ အချက်တွေက ဘာတွေဖြစ်မလဲ။*

ဖြေ ။ ။ ပြည်သူလူထုကစပြီး မူးယစ်ဆေး၏ ကောင်းကျိုးထက်ဆိုးပြစ်များတဲ့အကြောင်းကိုသိရှိအောင်လေ့လာစေချင်တယ်။ တစ်ဦးချင်းသော်လည်းကောင်း၊ တစ်မိသားစုချင်းသော်လည်းကောင်း၊ တစ်ရွာချင်းစီသော်လည်းကောင်း အသိတရားမြင့်မြင့်မားမားရှိနေမှ ထိန်းသိမ်းကြပ်မတ်တားဆီးနိုင်မှ မူးယစ်ဆေးဝါးကိုနှိမ်နင်းနိုင်မယ်ပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ အတော်များများက အလုပ်ကြမ်းလုပ်ရတာကိုး။ အလုပ်ကြမ်းလုပ်တဲ့အချိန် အဲဒီဆေးသုံးတော့ သူတို့တွေက အလုပ်ကိုတော်တော်လုပ်နိုင်တယ်။ အဲဒါတွေက ကျွန်တော်ခုနကပြောတဲ့ကျောင်းသား၊ ကလေးလူငယ်များသာမက လူကြီး တွေပါ ပါလာတာ။ အမျိုးသမီးတွေပါ ပါလာတာ။ အဲဒီဆေးသောက်ပြီး အလုပ်လုပ်တာ အတော်အဆင်ပြေတယ်။ အတော်အလုပ်လုပ်နိုင်တယ်။ ရေတို တခါတလေလေးသုံးလိုက်တာက အလုပ်ဖြစ်တယ်ဆိုတာဟုတ်ပေမယ့် ဒီဆေးက ရေရှည်စွဲလမ်းသွားရင် ဒီဆေးမပါရင်မဖြစ်ဘူးဆိုတဲ့ဟာနဲ့ပဲ ရေရှည်မှာ ကြီးမားတဲ့ဆိုးကျိုးတွေကဖြစ်လာမှာပါ။ အဲဒီနေရာမှာ ဆေးအရောင်းအဝယ်တွေကို အားပေးလာတာတွေဖြစ်လာမယ်။ ဆေးတွေကို မသုံးပဲမနေနိုင်အောင်စွဲလန်းတာတွေဖြစ်လာမယ်။ ရောင်းဝယ်ဖောက်ကားမှုတွေဖြစ်လာမယ်။ အဲဒီကနေတဆင့်ပေတေတဲ့သူတွေဆိုရင် ရာဇဝတ်မှုတွေလုပ်တဲ့အထိဖြစ်လာနိုင်တယ်။ အဲတော့ ရာဇဝတ်မှုတွေကို ရွာကလည်း မထိန်းနိုင်တော့ဘူး။ ကိုယ့်မိသားစုတွေလည်း မထိန်းနိုင်တော့ဘူး။ ဥပမာ - မိဘတွေကိုတောင် ပြန်ပြီး ရန်လိုသော သားသမီး တွေရှိလာတယ်။

ပြီးရင် ဆေးစွဲတာ။ ဆေးမရှိရင် အလုပ်မလုပ်ချင်ဘူး။ အဲတော့ လွယ်ကူတဲ့လမ်းနဲ့ ပိုက်ဆံရှာတဲ့အခါကျတော့ လမ်းမှားတွေရောက်ပြီး ရာဇဝတ်မှုတွေဖြစ်လာတယ်။ နောက်တခုကတော့ ရောဂါတွေရလာတာလည်းရှိတယ်။ အဲဒါတွေကို ပြန်လည်ကုသတဲ့အခါမှာ ကုန်ကျမှုတွေ များလာမယ်။ ပိုပြီးတော့ စီးပွားပျက်တယ်။ အိမ်ခြံမြေတွေရောင်းတဲ့အဆင့်အထိ များလာတာလည်းတွေ့ရတယ်။ ဒါကြောင့်မို့ အဲဒီလိုတွေမဖြစ်အောင် တဦးချင်းသော်လည်းကောင်း၊ တစ်မိသားစုချင်း သော်လည်းကောင်း၊ ရွာလူကြီးတွေအနေနဲ့ ဆိုရင် ရွာတရွာချင်းသော်လည်းကောင်း အသိတရားတွေရှာဖွေပါ။ လေ့လာပါ။ ပြီးတော့ မြင့်မြင့်မားမားနဲ့ ထိန်းသိမ်း ကြပ်မတ်ခြင်းအားဖြင့် ကိုယ့်ရွာကိုကိုယ်ထိန်းသိမ်း၊ ကိုယ့်မိသားစုကို ကိုယ်ထိန်းသိမ်းရမယ်။ ခုနကလို မူးယစ်ကြောင့်ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေမဖြစ်လာအောင် တားဆီးဖို့ဆိုတာ လူထုကသာ အခြေခံအကျဆုံးဖြစ်ပါတယ်။ လူထုတွေအနေနဲ့ သတိရှိရှိ လေ့လာပြီးတော့ ဝိုင်းဝန်းပြီး တားဆီးပေးနိုင်ဖို့အတွက်က လူထုမှာ အခွင့်ရှိတယ်။ထို့နည်းတူပဲတကယ်လို့ဖြစ်ပေါ်လာရင်လည်းလူထုက သတင်းပေးတဲ့နေရာမှာ ကြောက်တာကို ရှေ့တန်းမတင်ပဲနဲ့ ဒီပြဿနာ မဖြစ်အောင် ငါတို့မှာ တာဝန်ရှိတယ်ဆိုတဲ့အသိတရားနဲ့ သတ္တိမွေး တင်ပြပြီးတော့ အရေးယူဆောင်ရွက်တဲ့နေရာမှာလည်း တတ်နိုင်သလောက်ပါဝင်ကူညီပေးဖို့ ကျွန်တော်ကတော့ မေတ္တာရပ်ခံအကြံပြုချင်တယ်ပေါ့ဗျာ။

*မေး ။ ။ ပဒို အနေနဲ့ ထပ်ဖြည့်ပြီးပြောကြားချင်တာရှိပါသလား။*

ဖြေ ။ ။ ထွေထွေထူးထူးတော့ မရှိတော့ပါဘူး။ ခုနကလို ပြည်သူလူထုတွေကနေ စပြီးတော့ ကိုယ့်အသိနဲ့ကိုယ် ဆောင်ရွက်ပေးနိုင်တာတွေရှိသလိုပဲ သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်အဆင့် အသီးသီး ပြောမယ်ဆိုရင် ကျွန်တော်တို့က ထစ်ကနဲဆိုရင် ဒီကိစ္စတွေက ရဲနဲ့ တရားရုံးတွေကပဲ တာဝန်ရှိတယ်ဆိုတာ မဟုတ်ဘဲနဲ့ တခြားဌာနတွေလည်းပဲတာဝန်ရှိတယ်။ ပညာရေးဌာနသော်လည်းကောင်း၊ ကျန်းမာရေးဌာနသော်လည်းကောင်း၊ အခြားသစ်တော၊ လယ်ယာ အစရှိတဲ့ ဌာနလုပ်ငန်းတွေလည်းရှိတယ်။ ဒီဟာတွေက လူမျိုးတမျိုးသားလုံးရဲ့ရန်ပေါ့။ တမျိုးသားလုံးရဲ့အန္တရာယ်ဖြစ်တယ်။ အဲဒီလို အမြင်မျိုးနဲ့ ဝိုင်းဝန်းကူညီပံ့ပိုးပြီးတော့ ပါဝင်ကြဖို့ ကျွန်တော် တိုက်တွန်းချင်ပါတယ်။

## လုပ်ဆောင်ချက်များ

### ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၃ခုနှစ်၊ ဧပြီလအထိ လုပ်ဆောင်ခဲ့သော လုပ်ငန်းများ

#### ■ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)အား ဥပဒေဆိုင်ရာ အသိပညာပေးခြင်း

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၂၅) မှ (၂၇) ရက်နေ့အတွင်း စစ်သင်တန်းသား (KNLA)များအား ဥပဒေဆိုင်ရာ အသိပညာပေးခြင်း အစီအစဉ်ကိုစစ်ဌာနချုပ်တွင် ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်ခဲ့သူများမှာ ခရိုင်အဆင့် (သထုံခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ မူတြော်ခရိုင်၊ ဒူးပလာယာခရိုင်၊ ဖားအံခရိုင်) ရှိ စစ်သင်တန်းသား (၁၀၈)ဦး နှင့် ကရင်ဥပဒေအထောက်အကူပြု အဖွဲ့ဝင်(၄)ဦးတို့ဖြစ်ပါသည်။ စုစုပေါင်းတက်ရောက်သူ (၁၁၂)ဦးတွင် အမျိုးသား(၈၄)ဦးနှင့် အမျိုးသမီး(၂၈)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းတွင်ပါဝင်သော ခေါင်းစဉ်များမှာ ကော်သူးလေရာဇဝတ်ဥပဒေ၊ ကော်သူးလေရာဇဝတ် လုပ်ထုံးလုပ်နည်းဥပဒေ၊ ကော်သူးလေတရားမလုပ်ထုံးလုပ်နည်း နှင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားတို့ ဖြစ်ကြပါသည်။



**KNLAများအား ဥပဒေဆိုင်ရာ အသိပညာပေးခြင်းအစီအစဉ်။**

## NGLPတွင် ပါဝင်တက်ရောက်နေသူများအား ဥပဒေဆိုင်ရာ အသိပညာပေးခြင်း

၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ရက်နေ့မှ ၂၈ရက်နေ့အတွင်း NGLP**တွင် ပါဝင်တက်ရောက်နေသူ**များအား ဥပဒေဆိုင်ရာ ပညာပေးခြင်းအစီအစဉ်ကို  သေဘော့ထာတွင် ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူများမှာ ဒူးသထူခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ဘိတ်ထားဝယ်ခရိုင်၊ မူတြော်ခရိုင်၊ ဒူးပလာယာခရိုင်၊ ဖားအံခရိုင်၊ ဧရာဝတီတိုင်း၊ ဗဟိုဌာနဆိုင်ရာ ကိုယ်စားလှယ်များမှ ဖြစ်ကြပါသည်။ သင်တန်းဆရာ/ဆရာမများ (၇)ဦးတွင် KLACမှ(၆)ဦးနှင့် KNPFမှ (၁)ဦးပါဝင်သည်။ စုစုပေါင်းဦးရေမှာ (၄၆)ဦးတွင် အမျိုးသား(၂၉)ဦးနှင့် အမျိုးသမီး(၁၇)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းတွင် ပါဝင်သောခေါင်းစဉ်များမှာ ကော်သူးလေရာဇဝတ်ဥပဒေ၊ ကော်သူးလေရာဇဝတ်လုပ်ထုံးလုပ်နည်းဥပဒေ၊ ကော်သူးလေတရားမလုပ်ထုံးလုပ်နည်း၊ ကော်သူးလေအထူးအက်ဥပဒေ(မူးယစ်ဆေးဝါးနှင့် ပြုစားခြင်း) နှင့် တိုင်တန်းခြင်းနှင့် တင်ပြခြင်းဆိုင်ရာ နည်းလမ်းများကို ဝေမျှခဲ့ပါသည်။



NGLPတွင် ပါဝင်တက်ရောက်နေသူများအား ဥပဒေဆိုင်ရာ အသိပညာပေးခြင်း

## KYLMTC တွင်ပါဝင်တက်ရောက်နေသူများအား ဥပဒေဆိုင်ရာ အသိပညာပေးခြင်း

၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ(၂၂) မှ(၂၄) ရက်နေ့အတွင်း KYLMTCတွင် ပါဝင်တက်ရောက်နေသူများအား ဥပဒေဆိုင်ရာ ပညာပေးခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူများမှာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ မူတြော်ခရိုင်နှင့် စခန်းတွင်းနေထိုင်ခဲ့ကြသူများ ဖြစ်ကြပါသည်။ KLACမှ သင်တန်းဆရာ (၂) ဦးပါဝင်သည်။ စုစုပေါင်းတက်ရောက်သူဦးရေမှာ (၆၆)ဦးတွင် အမျိုးသား(၃၅) ဦးနှင့် အမျိုးသမီး(၃၁)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းတွင်ပါဝင်သောခေါင်းစဉ်များမှာ ကော်သူးလေရာဇဝတ်ဥပဒေ၊ ကော်သူးလေရာဇဝတ်လုပ်ထုံးလုပ်နည်းဥပဒေ၊ ကော်သူးလေတရားမလုပ်ထုံးလုပ်နည်း၊ ကော်သူးလေအထူးအက်ဥပဒေ(မူးယစ်ဆေးဝါးနှင့်ပြုစားခြင်း) နှင့် တိုင်တန်းခြင်းနှင့်တင်ပြခြင်းဆိုင်ရာနည်းလမ်း စသည်တို့ကို ဝေမျှခဲ့ပါသည်။




**KYLMTCတွင် ပါဝင်တက်ရောက်နေသူများအား ဥပဒေဆိုင်ရာ ပညာပေးခြင်း**

## စီမံချက် အလုပ်ရုံဆွေးနွေးပွဲ

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း KLAC မှ သုံးရက်အကြာအလုပ်ရုံဆွေးနွေးပွဲကို ဘားအံခရိုင်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အကောင်အထည်ဖော်နေသော စီမံကိန်း၏ လွန်ခဲ့သော ခြောက်လအတွင်း အောင်မြင်မှုရလဒ်များနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး နောက်လာမည့် ခြောက်လတာကာလအတွင်း တိုးတက်မှုအတွက် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။



**စီမံချက် အလုပ်ရုံဆွေးနွေးပွဲ**

အလုပ်ရုံဆွေးနွေးပွဲတွင် KLAC၊ CLV နှင့် အခြားပံ့ပိုးကူညီသူများမှ အမျိုးသမီး (၁၃) ဦး၊ အမျိုးသား (၇)ဦး နှင့်စုစုပေါင်း (၂၀)ဦး တက်ရောက်ပါဝင်ခဲ့ကြသည်။ ပါဝင်သူများသည် လွန်ခဲ့သောခြောက်လအတွင်း ကြုံတွေ့ခဲ့ရသော စီမံကိန်းချဉ်းကပ်မှုများ၊ အောင်မြင်မှုရလဒ်၊ စိန်ခေါ်မှုများ၊ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည့် နည်းလမ်းများ၊ အခွင့်အလမ်းများ၊ ရှေ့ဆက်လုပ်ဆောင်မည့်အစီအစဉ်များရေးဆွဲခြင်းနှင့် သင်ခန်းစာများကို ပေါင်းစပ်ဆွေးနွေးခဲ့ကြသည်။

## ဒူးပလာယာခရိုင် တရားရေးဝန်ဆောင်မှုပေးသူများ အစည်းအဝေးကျင်းပခြင်း

၂၀၂၃ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင် တရားရေးဝန်ဆောင်မှုပေးသူများ၏ အစည်းအဝေး အစီအစဉ်ကို ဒူးပလာယာခရိုင်တွင် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရိုင်အတွင်းရှိ တရားသူကြီးများအပြင် ခရိုင် ကရင်အမျိုးသား ရဲတပ်ဖွဲ့၊ ခရိုင်အဆင့်ဌာနများဖြစ်သော ကျန်းမာရေးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဌာန၊ သစ်တောဌာန၊ လယ်ယာနှင့် စိုက်ပျိုးရေးဌာန၊ လမ်းပန်းဆက်သွယ်ရေးဌာန၊ မြေယာဖြေရှင်းရေးကော်မတီ၊ ကရင်အမျိုးသမီးအစည်းအရုံး၊ ကရင်လူငယ်အစည်းအရုံး၊ ကရင်လူ့အခွင့်အရေးအဖွဲ့၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ Harmony youth အဖွဲ့၊ ကရင်ဥပဒေအထောက်အကူပြုအဖွဲ့(KLAC)နှင့် လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV) များမှ အမျိုးသမီး(၁၅) ဦး၊ အမျိုးသား(၆၆) ဦး၊ စုစုပေါင်း (၈၁) ဦး တက်ရောက်ခဲ့ပါသည်။



ဒူးပလာယာခရိုင် တရားရေးဝန်ဆောင်မှုပေးသူများ အစည်းအဝေးကျင်းပခြင်း

## လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLVs) များအား မွမ်းမံသင်တန်းပေးခြင်း


၂၀၂၃ခုနှစ်၊ ဧပြီလတွင် လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV) မွမ်းမံသင်တန်းကို ဒူးပလာယာခရိုင်တွင် ပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် ဒူးပလာယာခရိုင်၊ လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)မှ ကျား(၅) ဦး ၊ မ(၇) ဦး စုစုပေါင်း(၁၂) ဦး တက်ရောက်ခဲ့ပြီး ကရင်ဥပဒေအထောက်အကူပြုအဖွဲ့ (KLAC)မှ ဆရာ/ဆရာမ (၃)ဦးတို့က ဦးဆောင်ပေးခဲ့ကြသည်။ သင်တန်းတွင် ၎င်းတို့လုပ်ဆောင်ခဲ့သောလုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း၊ ဆက်သွယ်ရေးနှင့်ပတ်သက်သော နည်းပညာများ၊ ပြစ်မှုဆိုင်ရာဥပဒေများ၊ တရားမမှုဆိုင်ရာဥပဒေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။



လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLVs)အား မွမ်းမံသင်တန်းပေးခြင်း

## ■ လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)၏ လူထုဥပဒေဆိုင်ရာ အသိပညာပေးခြင်း

ကော်သူးလေနယ်မြေအတွင်းရှိ ခရိုင်(၃)ခုမှ လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)များ၏ လူထုဥပဒေပညာ ပေးရေးလုပ်ငန်းများကို ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ မှ ၂၀၂၃ခုနှစ်၊ ဧပြီလ အထိ ပြုလုပ်ခဲ့ပါသည်။ ၎င်းအစီအစဉ်တွင်တက်ရောက်သူစာရင်းကို အောက်ပါအတိုင်းတွေ့ရပါသည်။ ပညာပေးအစီအစဉ်တွင် လူထုဥပဒေအထောက်အကူပြုအဖွဲ့(CLV)များသည် ကော်သူးလေရာဇဝတ်ဥပဒေ၊ ရာဇဝတ်လုပ်ထုံးလုပ်နည်း၊ တရားမလုပ်ထုံးလုပ်နည်း၊ ကော်သူးလေအထူးအက်ဥပဒေများအပြင် တိုင်တန်းခြင်းဆိုင်ရာအဆင့်ဆင့်၊ ပံ့ပိုးကူညီမှုဆိုင်ရာအသိပညာနှင့် နည်းလမ်းများကို လူထုများအား ဝေငှဆွေးနွေးသွားခဲ့ပါသည်။




ဒီဇင်ဘာလမှ ဧပြီလအတွင်း ဥပဒေအသိပညာပေးသင်တန်းသို့ တက်ရောက်ခဲ့သော လူဦးရေစာရင်း

## လှုပ်ရှားမှု ရုပ်ပုံများ



၁။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ မူတြော်ခရိုင်ရှိ ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၂။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ မူတြော်ခရိုင်ရှိ ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၃။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ မူတြော်ခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၄။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၅။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၆။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။




၇။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဖားအံခရိုင်ရှိ
ရပ်ရွာလူထုများအား  ဥပဒေအသိပညာပေးခြင်း။



၈။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဖားအံခရိုင်ရှိ
ရပ်ရွာလူထုများအား  ဥပဒေအသိပညာပေးခြင်း။



၉။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဖားအံခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။



၁၀။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဖားအံခရိုင်ရှိ
ရပ်ရွာလူထုများအား ဥပဒေအသိပညာပေးခြင်း။




၁၁။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ မူတြော်ခရိုင်ရှိ
ကျေးရွာလူကြီးများအား ဥပဒေအသိပညာပေးခြင်း။



၁၂။ လူထုဥပဒေအထောက်အကူပြုအဖွဲ့ (CLV)မှ ဒူးပလာယာ
ခရိုင်ရှိ ကျေးရွာလူကြီးများအား ဥပဒေအသိပညာပေးခြင်း။



၁၃။ စီမံချက် အလုပ်ရုံဆွေးနွေးပွဲ




၁၄။ စီမံချက်ရလဒ်အား တိုင်းတာခြင်း